အောင် ကြံဖန်စွဲလမ်းကြကုန်လျက်။ တတ္ထ၊ ထိုအယုတ်တမာ များစွာပြည့်လျှောင် အပုပ်ကောင်၌။ မုစ္ဆိတာ၊ စရိုက်ခလေ့ အမိုက်ငွေ့ဖြင့် အတွေ့ကြီးတွေ့ မေ့ကြီးမေ့ကြကုန်သည်ဖြစ်၍။ ဗာလာ၊ ရာဂစရိုက်ပွါး ငမိုက်သားတို့သည်။ ပါပါနိ၊ မိစ္ဆာစာရ စသည်ညစ်ကျု ယုတ်မာမှုတို့ကို။ ကရောန္တာ၊ အမဲရိုး၌ ခွေးတော်ကြိုက်သို့ နှစ်ခြိုက်ရှင်မြူး လွန်ကျူးကြကုန်လျက်။ ဒုက္ခာ၊ အပါယ်လေးဖြာ အိုနာသေရေး ဆင်းရဲဘေးမှ။ န ပရိမုစ္စရေ၊ ကန္တတ်ကင်းလွှောက် ထပ်ပြန်ရောက်သဖြင့် လွတ်မြောက်ခွင့် မရကြလေကုန်။

(၇) တသ္မာ ပသောယျ မေဓာဝီ၊ ဇီဝတော ဝါ မတဿ ဝါ။
သဘာဝံ ပူတိကာယဿ၊ သုဘာဘာဝေန ဝဇ္ဇိတံ။

တသ္မာ၊ ထိုသို့အသုဘပင် သုဘထင်သမျှ ဒုက္ခဝဋ်တွင်းမှ မလွတ်ကင်းနိုင်ကြလေသောကြောင့်။ မေဓာဝီ၊ သတိတမန် ပညာဉာဏ်ဖြင့် လမ်းမှန်မြော်မြင် သူတော်စင်သည်။ ဇီဝ-တော ဝါ၊ ဝတ်စားဆင်ပြင် အသက်ရှင်သူမူလည်း ဖြစ်သော။ မတဿ ဝါ၊ ဥဒ္ဓုမာတက စသည်မြားမြောင် အသေကောင် မူလည်းဖြစ်သော။ ပူတိကာယဿ၊ အပုပ်တွေလျှောင် ဤကိုယ်ကောင်၏။ သုဘာဘာဝေန၊ အမှန်စင်စစ် တင့်တယ်သော အဖြစ်မှ။ ဝဇ္ဇိတံ၊ လုံးဝအစဉ် ရှောင်ကြဉ်အပ်ပြီးဖြစ်သော။ သဘာဝံ၊ မတင့်မတယ် ရွံဘွယ်စင်စစ် မူလအဖြစ်ကို။ ပသော-ယျ၊အမိုက်ကင်းပျောက် အလင်းရောက်အောင် ထွင်းဖောက် ရှုစားသင့်ပေတော့သတည်း။

ကမ္မဋ္ဌာန်း သင်ပြခဏ်း ပြီး၏။